unicef

ဖခါ...ပွား

unicef

ယူနီဆက် ရန်ကုန်၊ (၁၄)ထပ်၊ ကုန်သည်ကြီးများဟိုတယ်၊ ၂၂၃၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်။
ဖုန်း ၃၇၅၅၂၇၊ ၃၇၅၅၂၈၊ ၃၇၅၅၂၉၊ ၃၇၅၃၀၊ ဖက်(စ်) ၉၅-၁-၃၇၅၅၅၂

**အခမဲ့ဖြန့်ဝေသည်။**

ဤစာအုပ်ကို ထပ်မံရိုက်နှိပ်လိုပါက ယူနီဆက်၏ ခွင့်ပြုချက်ရယူပြီးမှ ရိုက်နှိပ်ပါရန်။

# ဖခါ...ပွား



unicef



ဖြာ...ပွား



ဖြာ...ပွား





အမေဗိုက်ထဲမှာကတည်းက
ကြားခဲ့ရတဲ့ အသံလေးတစ်ခု




ဖြာ...ပွား

ဖြာ...ပွား


သားက
ဘာသံကြားတာလဲ






ဟင် . . . ဘာသံလဲ မသိဘူး
" အာ . . . ဘွား" ဆိုလား
ဘာဆိုလား






ဟော . . .
ကြားရပြန်ပြီ

ဖါ...ပွား



နောက်တစ်ခါ
ကြားပြန်ပြီ



သားက
နောက်တစ်ခါ
ကြားပြန်ပြီလား




အာ. . . ဘွား

အာ. . . ဘွား

အာ. . . ဘွား

ဟာ . . .
ဒီတစ်ခါ အကျယ်ကြီးပဲ
“ အာ . . . ဘွား” တဲ့။






မေမေ့ဗိုက်ထဲက
ထွက်တော့လည်း . . .
ဒါပဲ ကြားရပြန်ပြီ



# အာ . . . ဘွား

"အာ . . . ဘွား" ဆိုတာ
ဘာလုပ်တာလဲ မသိဘူး
ပါးမှာတော့ နွေးသွားတာပဲ




"အာ . . . ဘွား"
အသံကြားရတာနဲ့တင်
ပါးမှာ ယားကျိယားကျိ

## အာ . . . ဘွား



သိပြီ သိပြီ
"အာ . . . ဘွား" ဆိုတာ
ပါးပေါ်မှာ
နှုတ်ခမ်းလေး ဟပြီး
တို့ တာကိုး

ဒါလေးများ
လုပ်တတ်ပါတယ်
အာဘွားပေးတာ ဘာများခက်လို့တုန်း
ဟောသလို ဟပြီး
ဟောသလို ပေးလိုက်မှာပေါ့
"အာ . . . ဘွား"






# အာ...ဘွား

## ပြုစုစောင့်ရှောက်သူများအတွက်အမှာစာ

ဒီစာအုပ်လေးဟာ မွေးစမှ ငါးနှစ်အရွယ်မြန်မာကလေးငယ်တွေ၊ သူတို့ရဲ့မိသားစုတွေနဲ့ ပြုစုစောင့်ရှောက်သူတွေအတွက်ရည်ရွယ်ပါတယ်။ ဒီအရွယ်ကလေးတွေဟာ ရုပ်ပုံတွေကိုကြည့်ရှုတာ၊ ပုံပြင်နားထောင်တာနဲ့ စာအုပ်တွေကို ကြိုက်ကြပါတယ်။ ဒီအရွယ်ကလေးငယ်တွေအတွက် အက္ခရာစကားလုံးတွေ၊ သင်္ချာကိန်းဂဏန်းတွေကိုသင်ယူဖို့ အရေးမကြီးသေးပါဘူး။ ကလေးတွေရဲ့စိတ်ပိုင်းနဲ့ ရုပ်ပိုင်း အဆင်သင့်မဖြစ်သေးခင် အသက် ငါးနှစ်၊ သို့မဟုတ် ခြောက်နှစ်ပတ်ဝန်းကျင်ကလေးတွေကို စာဖတ်ခိုင်းခြင်းဟာ ကျောင်းနေကာလနဲ့ နောက်ပိုင်းဘဝတလျှောက်မှာ ပြဿနာတွေဖြစ်စေနိုင်ပါတယ်။ ကလေးငယ်အတွက် အရေးအကြီးဆုံးဟာ သင်နဲ့ သင့်ကလေးရဲ့ နွေးနွေးထွေးထွေးဆက်ဆံမှု ဖြစ်ပါတယ်။ ကလေးအတွက် အချိန်မှန်မှန်ပေးဖို့၊ ကလေးတွေကို စာအုပ်တွေထဲက ဘာတွေမြင်တယ်၊ ဘာတွေကြားတယ်ဆိုတာကို စူးစမ်းရှာဖွေလေ့လာတတ်အောင် တိုက်တွန်းအားပေးဖို့၊ စာအုပ်တွေထဲက တွေ့မြင်ရတဲ့အမူအရာတွေကို လိုက်လုပ်နိုင်အောင်အားပေးဖို့၊ ပုံပြင်တွေကို ကလေးတွေကိုယ်တိုင် တီထွင်ဖန်တီးပြောဆိုနိုင်အောင် အားပေးတိုက်တွန်းဖို့၊ ကလေးတွေကိုယ်တိုင် စာအုပ်တွေကိုစူးစမ်းလေ့လာရှာဖွေနိုင်အောင် ခွင့်ပြုပေးဖို့၊ ကလေးကို အရှိအတိုင်းပြောဆိုနေထိုင်မှုအတွက် သင်ဘယ်လောက်နှစ်သက်သဘောကျသလဲဆိုတာပြသဖို့ စတဲ့အချက်တွေပါဝင်ပါတယ်။

"အာဘွား" ဟာ ကလေးတစ်ယောက် သန္ဓေသားအရွယ်ကစပြီး ကြားရလေ့ရှိတဲ့အသံပဲ ဖြစ်ပါတယ်။ မမွေးဖွားမီသုံးလမှစပြီး မိခင်ဝမ်းထဲကသန္ဓေသားဟာ အပြင်ဘက်ကအသံတွေ အထူးသဖြင့် အမေနဲ့ တခြားမိသားဝင်တွေရဲ့ အသံတွေကို ကြားနိုင်ပါတယ်။ အမှန်တော့ မွေးကင်းစကလေးငယ်တစ်ယောက်ဟာ မိဘဖြစ်သူနဲ့ အခြားသူတစ်ယောက်က ဒီကလေးရဲ့နာမည်ကို ခေါ်ကြည့်တဲ့အခါ တစ်ရက်သား ကလေးငယ်ဟာ မိဘရဲ့အသံကြားရာဘက်ကိုပဲ လှည့်ကြည့်တတ်ပါတယ်။

"အာဘွား" ဆိုတဲ့အသံဟာ ကလေးကို ချစ်ခင်နှစ်သက်ကြောင်း ဂရုစိုက်ကြောင်းကို ပြတာပါပဲ။ ကလေးငယ်တစ်ယောက်အတွက် ဖွံ့ဖြိုးဖို့ ချစ်ခင်မှုနဲ့ လုံခြုံစိတ်ချမှုကိုခံစားရရှိဖို့ လိုပါတယ်။ အချစ်ခံရတဲ့ကလေးတစ်ယောက်ဟာ သူတစ်ပါးကိုလည်း ချစ်ခင်တတ်ပါတယ်။ "အာဘွား" ဟာ ကလေးတစ်ယောက်မမွေးဖွားမီကတည်းက သူ့မိသားစုဟာ ကလေးအပေါ်ချစ်ခင်မှုကို ဘယ်လိုစတင်ပေးခဲ့သလဲဆိုတာကိုပြတဲ့ နှစ်လိုဖွယ် ဇာတ်လမ်းကလေးဖြစ်ပါတယ်။

မိသားစုဝင်တိုင်းဟာ သူတို့ရဲ့ကလေး ကျန်းမာသန်စွမ်းစေဖို့၊ ပျော်ရွှင်စေဖို့၊ စူးစမ်းလေ့လာတတ်ဖို့၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိစေဖို့ ကူညီပေးနိုင်တဲ့စွမ်းရည်တွေရှိကြပါတယ်။ သင်လည်း သင့်ကလေးအတွက် ချီးကျူးစရာလုပ်ဆောင်ချက်တွေကို လုပ်ဆောင်နေပြီးဖြစ်မှာပါ။ ဒီစာအုပ်ဟာ သင်နဲ့ သင့်ကလေးအတွက် နေ့စဉ်ဘဝမှာ အထောက်အကူဖြစ်ဖို့ နည်းလမ်းတစ်ခုအနေနဲ့ အသုံးပြုနိုင်အောင် ရည်ရွယ်ပါတယ်။

အာ...ဘွား





## ကျေးဇူးတင်လွှာ

ဤစာအုပ်ကို မြန်မာကလေးများနှင့် သူတို့၏မိသားစုများအတွက် အထောက်အပံ့ဖြစ်စေရန် ယူနီဆက်သည် ၎င်းနှင့်လက်တွဲအလုပ်လုပ်လျက်ရှိသော ဌာနအသီးသီး၊ အဖွဲ့အစည်းအသီးသီးနှင့် အတူတကွ ထုတ်လုပ်ဖန်တီးခဲ့ပါသည်။

ဤစာအုပ် ဖြစ်မြောက်ရေးအတွက်အားသွန်ခွန်စိုက်ပါဝင်ခဲ့ကြသော –
ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် မီဒီယာအသုံးပြု မိဘပညာပေးအစီအစဉ်
အတိုင်ပင်ခံပုဂ္ဂိုလ် – Ms. Barbara Kolucki
ပြုစုသူ – ဦးအောင်သိန်းကျော် (ဆူဒိုနင်)နှင့် အဖွဲ့
ပန်းချီ – ဦးသိန်းဝင်းအောင် (Save the Children - UK)
ကူညီပံ့ပိုးသူ – ဒေါ်ခင်မိုးမိုးအောင် (ယူနီဆက်) တို့နှင့်

ဤစာအုပ်ကို ပြုစုရာတွင်ပူးပေါင်းပါဝင်ပံ့ပိုးခဲ့ကြသော– ဒေါ်ခင်မျိုးလွင် (ပညာရေးစီမံကိန်းလေ့ကျင့်ရေးနှင့် ဦးစီးဌာန)၊ ဒေါ်ခိုင်သွယ်ဦး (ကျောင်းအုပ်ကြီး၊ ရင်သွေးအိမ် မူကြို)၊ ဦးလှချစ် (ဘဝတွက်တာ သိမှတ်စရာ သင်တန်းနည်းပြ)၊ မမွေး၊ ဦးဝင်းနိုင် (အော်ပီကျယ်)၊ ဦးဟန်ရွှေ၊ ဦးမောင်မောင်သိုး (မန်းအင်တာနေရှင်နယ်) တို့နှင့်တကွ ဦးအောင်ရဲထွဋ် (ပြန်ကြားဆက်သွယ်ပညာပေး– အကြံပေးပုဂ္ဂိုလ်၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်)၊ ယူနီဆက်မှ ဒေါက်တာကျော်သင်း (စီမံကိန်းအရာရှိ၊ ကျန်းမာရေး) တို့အား ကျေးဇူးတင်ရှိပါသည်။ ထို့ပြင် ဤစာအုပ်ပြုစုရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ခဲ့ကြသူများနှင့် ကွင်းဆင်းစမ်းသပ်သူများ၊ ကလေးများနှင့် မိသားစုများအားလုံးတို့အား မိမိတို့၏တန်ဖိုးရှိသောအချိန်များကို မျှဝေပေးခြင်းအတွက် အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

